# န.ဆ.ဖစစ်အစိုးရ VS. ဒေါ်အောင်ဆန်းစုကြည် အပေါ်တရားစီရင်ရေးအသုံးချမှု။

**<u>တရားမစွဲမီအခြေအနေ။</u>**

NLDပါတီအထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်နှင့် ဒုဥက္ကဋ္ဌဦးတင်ဦးနှင့်အဖွဲ့သည် အထက်မြန်မာပြည် ပါတီစည်းရုံးရေးလုပ်ငန်းအတွက် သွားရောက်ဆောင်ရွက်ရာ ဒီပဲရင်းမြို့နယ်၊ ကျီရွာအနီး၌ အစိုးရ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် (၃၀-၅-၂၀၀၃)ရက်နေ့တွင် အကြမ်းဖက်တိုက်ခိုက်ခံခဲ့ကြရပြီးနောက် (၃၁-၅-၂၀၀၃)ရက်နေ့မှစ၍ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ-၁၀(က)နှင့် ၁၀(ခ)တို့အရ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ကို အရေးယူခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေပုဒ်မတို့သည် ၁၉၇၄ခုနှစ် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေမှပေါ်ပေါက်လာခြင်းဖြစ်သည်။ အဆိုပါဥပဒေများကို ၁၉၇၅ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဥပဒေအမှတ်-၃အရ ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။

အစိုးရအဖွဲ့အနေဖြင့် နိုင်ငံသားတစ်ဦး၏မူလအခွင့်အရေးများကို လိုအပ်သလိုကန့်သတ်မိန့်ချမှတ်နိုင်သည့် ကိစ္စဖြစ်၍ ဝန်ကြီးအဖွဲ့သည် မိမိကိုယ်စားဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီးလုပ်ကိုင်ဆောင်ရွက်စေခဲ့သည်။ ဗဟိုအဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးက ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးနှင့်နိုင်ငံခြားရေးဝန်ကြီးတို့က အဖွဲ့ဝင်အဖြစ်ပါဝင်ဖွဲ့စည်းထားသည်။ ဗဟိုအဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည်ကို ပုဒ်မ-၁၀(က)အရ(၃၁-၅-၂၀၀၃)ရက်နေ့မှ (၂၇-၁၁-၂၀၀၃)ရက်နေ့အထိ (၆)လဖမ်းဆီး ချုပ်နှောင်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နေထိုင်မကောင်းဖြစ်၍ (၁၇-၉-၂၀၀၃)ရက်နေ့မှာအာရှတော်ဝင်ဆေးခန်းသို့ တင်ပို့ကုသခဲ့ပြီး (၂၆-၉-၂၀၀၃)ရက်နေ့ဆေးရုံမှပြန်ဆင်းရချိန်တွင် တက္ကသိုလ်ရိပ်သာလမ်းနေအိမ်သို့ပို့ပေး၍ (၂၇-၁၁-၂၀၀၃)ရက်နေ့ ဖမ်းဆီးချုပ်နှောင်ကုန်ဆုံးမည့်ရက်အထိထားခဲ့သည်။

ထို့နောက်အများပြည်သူအေးချမ်းသာယာရေးကို ဆက်လက်ထိခိုက်ရန်အလားအလာရှိသည့်အတွက် ပုဒ်မ-၁၀(ခ)အရ (၂၈-၁၁-၂၀၀၃)မှ(၂၇-၁၁-၂၀၀၄)ရက်နေ့အထိ(၁)နှစ် ကန့်သတ်တားဆီးမိန့်ဖြင့်နေအိမ်တွင် တားဆီး ထားပြန်သည်။ ဗဟိုအဖွဲ့အနေဖြင့် လုပ်ထုံးလုပ်နည်းပုဒ်မ-၄၆(င)အခွင့်အာဏာအရ ပုဒ်မ-၁၀(က)မှပုဒ်မ-၁၀(ခ)သို့ ပြောင်းလဲတားဆီးမှုပြုလုပ်ခဲ့ပါသည်။

ဗဟိုအဖွဲ့သည် ၎င်း၏အခွင့်အာဏာကုန်ဆုံးပြီးနောက် ဆက်လက်တားဆီးရန်လိုအပ်သဖြင့် ယင်းဥပဒေပုဒ်မ-၁၄အရ အစိုးရဝန်ကြီးအဖွဲ့၏ကြိုတင်ခွင့်ပြုမိန့်ဖြင့် တစ်ကြိမ်လျှင်(၁)နှစ်ထက်မပိုစေပဲပုဒ်မ-၁၀(ခ)ဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို ကန့်သတ်တားဆီးမိန့်များဆက်လက်ထုတ်ခဲ့ပုံဇယားမှာ-

| | | | | |
|---|---|---|---|---|
| (က) | (၂၈-၁၁-၂၀၀၄)မှ (၂၇-၁၁-၂၀၀၅)ရက်နေ့အထိ | ပထမအကြိမ် | - | ၁ နှစ် |
| (ခ) | (၂၈-၁၁-၂၀၀၅)မှ (၂၇-၅-၂၀၀၆)ရက်နေ့အထိ | ဒုတိယအကြိမ် | - | ၆ လ |
| (ဂ) | (၂၈-၅-၂၀၀၆)မှ (၂၇-၅-၂၀၀၇)ရက်နေ့အထိ | တတိယအကြိမ် | - | ၁ နှစ် |
| (ဃ) | (၂၈-၅-၂၀၀၇)မှ (၂၇-၅-၂၀၀၈)ရက်နေ့အထိ | စတုတ္ထအကြိမ် | - | ၁ နှစ် |
| (င) | (၂၈-၅-၂၀၀၈)မှ (၂၇-၅-၂၀၀၉)ရက်နေ့အထိ | ပဉ္စမအကြိမ် | - | ၁ နှစ် |

စုစုပေါင်း-(၄)နှစ်နှင့် (၆)လသာရှိသေးကြောင်း၊ ကန့်သတ်တားဆီးမိန့်ကို စုစုပေါင်း(၅)နှစ်အထိ ထားနိုင်သည့် အတွက် နောက်ထပ်(၆)လတားဆီးနိုင်သေးသော်လည်း ဒေါ်အောင်ဆန်းစုကြည်မှာ နိုင်ငံ့ခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်း၏ သမီး ဖြစ်နေသည်ကိုအလေးအနက်ထားစဉ်းစားနေချိန်၌ ယခုကဲ့သို့ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် အမေရိကန်နိုင်ငံသား Mr. John Willam Yettaw ကို(၂)ရက်ဆက်တိုက် နေထိုင်ခွင့်ပြုခြင်း၊ လက်ခံ စကားပြောခြင်း၊ အစားအသောက်များကျွေးမွေးခြင်းစသည့် ကူညီမှုများပြုလုပ်ခဲ့သည့်အတွက် တည်ဆဲဥပဒေပုဒ်မ-၂၂အရ တရားစွဲဆိုခဲ့ရခြင်းဖြစ်သည်ဟု (၁၆-၅-၂၀၀၉)ရက်နေ့သတင်းစာရှင်းလင်းပွဲ၌ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် ပြည်ထဲရေးဗဟို အဖွဲ့ဝင် ရဲသတင်းတပ်ဖွဲ့မှူးရဲမှူးချုပ်မြင့်သိန်းတို့က ထုတ်ဖော်ရှင်းပြသည်။

ဤသို့ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ ပုဒ်မ-၁၀(က)နှင့် ၁၀(ခ)တို့အကြောင်းရှင်းပြမှုတွင်

အစိုးရဝန်ကြီးအဖွဲ့ကိုယ်စားဗဟိုအဖွဲ့၏အမိန့်အရ ပုဒ်မ–၁၀(က)ဖြင့် (၃၁–၅–၂၀၀၃)ရက်နေ့မှ (၂၇–၁၁–၂၀၀၃)ရက်နေ့အထိ ဖမ်းဆီးချုပ်နှောင်မှု(၆)လအပြင် ပုဒ်မ–၁၀(ခ)ကန့်သတ်တားဆီးမှု(၂၈–၁၁–၂၀၀၃)ရက်နေ့မှ(၂၇–၁၁–၂၀၀၄)ရက်နေ့အထိ(၁)နှစ်တို့ကို ဘာကြောင့်ထည့်သွင်းမရေတွက်ရပါသလဲ။ ဗဟိုအဖွဲ့သည် အစိုးရဝန်ကြီးအဖွဲ့ကိုယ်စားဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ဖမ်းဆီးချုပ်နှောင်ခံရသည့်နေ့ရက်မှ ကန့်သတ်တားဆီးမိန့်ကုန်ဆုံးသည့်နေ့အထိ တဆက်တစပ်တည်းဖြစ်နေပါသည်။ အဆိုပါပုဒ်မ၁၀(ခ)အရ ကန့်သတ်တားဆီးမိန့်(၁)နှစ်ကိုလည်း ထည့်သွင်းရေတွက်ခွင့်မပြု၊ ချန်လှပ်ငြင်းပယ်ထားခြင်းမှာ ဥပဒေမဲ့ပြုကျင့်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ကြောင်းထင်ရှားသည်။

အာဏာပိုင်အဖွဲ့အစည်းသည် ဒေါ်အောင်ဆန်းစုကြည်အပေါ်ပုဒ်မ–၁၀(က)/၁၀(ခ)နှင့်ပတ်သက်၍ ဖမ်းဆီးချုပ်နှောင်မှု၊ ကန့်သတ်တားဆီးမှုများကို ပွင့်လင်းစွာကြိုတင်ထုတ်ဖော်ကြေညာအသိပေးခြင်းမရှိခဲ့သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွအများပြည်သူတို့ဘက်မှ ခွင့်ပြုကာလ(၅)နှစ်ကျော်လွန်လျှက်ရှိကြောင်း အငြင်းပွားလျှက်ရှိနေကြပါသည်။

**<u>အမှုဖြစ်စဉ်နှင့်ထွက်ဆိုချက်များ။</u>**

ဒေါ်အောင်ဆန်းစုကြည်အပေါ် နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောင့်သည့် ဥပဒေပုဒ်မ–၇ အရ ယင်း၏မူလအခွင့်အရေးများကို ကန့်သတ်မိန့်ထုတ်ပြန်၍ ပုဒ်မ–၁၀(က)အရ ဖမ်းဆီးချုပ်နှောင်မိန့်၊ ပုဒ်မ–၁၀(ခ)/၁၁တို့အရ တားဆီးမိန့်နှင့် ပုဒ်မ–၁၃/၁၄တို့အရ ဆက်လက်တားဆီးမိန့်များထုတ်ပြန်ပြီး ကန့်သတ်တားဆီးထားရာ၌ **ဒေါ်အောင်ဆန်းစုကြည်အိမ်ခြံဝင်းအတွင်းသို့ အမေရိကန်နိုင်ငံသား** Mr. John Willam Yettaw မှာ(၃၀–၁၁–၂၀၀၈)ရက်နေ့ညအချိန် ခြံအနောက်ဖက်အင်းယားကန်အတွင်းမှ ရေကူးသွားရောက်ကာ ခြံဝ၌ **ဒေါ်ခင်ခင်ဝင်း၊ မဝင်းမပတို့နှင့် တွေ့ရှိ၍** Book of Mormonအမည်ရှိစာအုပ်အား ဒေါ်အောင်ဆန်းစုကြည်ဖတ်ရှုရန် ချထားပေးခဲ့ကြောင်း၊ အလားတူ(၃–၅–၂၀၀၉)ရက်နေ့ညအချိန်တွင် အင်းယားကန်အတွင်းရေကူးပြီး ဒေါ်အောင်ဆန်းစုကြည်ခြံအတွင်းတိတ်ဆိတ်ဝင်ရောက်၍ (၅–၅–၂၀၀၉)ရက်နေ့အထိ နေအိမ်အတွင်းနေထိုင်ခွင့်ပြုခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်မှ Mr. John Willam Yettaw နှင့် လက်ခံစကားပြောခဲ့ခြင်း၊ အစားအသောက်များကျွေးမွေးခြင်း၊ ဒေါ်ခင်ခင်ဝင်းနှင့်မဝင်းမပတို့မှလည်း ဒေါ်အောင်ဆန်းစုကြည်၏ဆောင်ရွက်မှုအပေါ် အားပေးကူညီခဲ့ကြောင်း၊ ထိုသို့ကန့်သတ် တားဆီးမိန့်များအား လိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန်သူ ဒေါ်အောင်ဆန်းစုကြည်အပေါ် နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ–၂၂ဖြင့်လည်းကောင်း၊ ထိုသို့ဖောက်ဖျက် ကျူးလွန်ခြင်းကိုအားပေးကူညီသော ဒေါ်ခင်ခင်ဝင်း၊ မဝင်းမပနှင့် Mr. John Willam Yettaw တို့(၃)ဦးအား ယင်းဥပဒေပုဒ်မ–၂၂/ပြစ်မှုပုဒ်မ–၁၀၉အရလည်းကောင်း အမှုဖွင့်အရေးယူပေးရန် ဒုရဲမှူးဇော်မင်းအောင်မှဗဟန်းမြို့နယ်ရဲတပ်ဖွဲ့စခန်းမှူးထံသို့ (၁၁–၅–၂၀၀၉)ရက်နေ့တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်ပါသည်။

ယင်းအမှုကို ရန်ကုန်မြောက်ပိုင်းခရိုင်ခုံရုံး တရားသူကြီးဦးသောင်းညွန့်(ဥက္ကဋ္ဌ)နှင့် ဦးညီညီစိုး(အဖွဲ့ဝင်)တို့က ပြစ်မှုကြီးမှုအမှတ်–၄၇/၂၀၀၉ဖြင့် လက်ခံစစ်ဆေးခဲ့ပါသည်။ တရားလိုရဲမှူးဇော်မင်းအောင်မှ တိုင်ချက်ပါအတိုင်းထွက်ဆိုခဲ့ပြီးနောက်ဆက်လက်ထွက်ဆိုရာ၌ ဒေါ်အောင်ဆန်းစုကြည်ပေါ် ၁၉၇၄ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကန့်သတ်တားဆီးမိန့်ထုတ်ထားခဲ့ရာ၌ သံရုံးများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးပါတီများနှင့်ဆက်နွယ်သူများနှင့် မဆက်သွယ်ရန်၊ နေအိမ်မှပြင်ပသို့ထွက်ခွာခွင့်လုံးဝမပြုရန်နှင့် အခြားသို့စာဖြင့်သော်လည်းကောင်း၊ စကားပြောကြေးနန်းဖြင့်သော်လည်းကောင်း ဆက်သွယ်ခြင်းမပြုရန်၊ (၂၈–၅–၂၀၀၈)ရက်နေ့မှ (၂၇–၅–၂၀၀၉)ရက်နေ့အထိ ဆက်လက်တားဆီးမိန့်ပြုလုပ်ခဲ့ကြောင်း၊ အစိုးရအဖွဲ့၏ကြိုတင်ခွင့်ပြုချက်ဖြင့် (၅)ကြိမ်ထုတ်ခဲ့သော တားဆီးမိန့်နှင့်ဆက်လက်တားဆီးမိန့်များမှာ စုစုပေါင်း(၄)နှစ်နှင့်(၆)လရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်ကိုပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်ကို တားဆီးကန့်သတ်ထားပြီးဖြစ်သည့်အတွက် ယခုကဲ့သို့နိုင်ငံခြားသားအား ညအိပ်နေထိုင်ခွင့်ပြုခြင်း၊ လက်ခံစကားပြောခြင်း၊ တွေ့ဆုံစကားပြောခြင်းတို့မှာကန့်သတ်မိန့်ကိုချိုးဖောက်ခဲ့ခြင်းဖြစ်ကြောင်း၊ Mr. John Willam Yettaw ပေးခဲ့သော

စာရွက်စာတမ်း(စာအုပ်)ကို လက်ခံခဲ့ခြင်းသည်လည်း တားဆီးမိန့်ပါစာဖြင့် ဆက်သွယ်ခြင်းကို ဖောက်ဖျက်ခြင်းဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့်ခြံဝင်းအတွင်းအတူနေထိုင်သူ ဒေါ်ခင်ခင်ဝင်းနှင့်မဝင်းပပတို့ကလည်း ဒေါ်အောင်ဆန်းစုကြည်အား တားဆီးမိန့်ထုတ်ပြန်ထားသည်ကို သိရှိသူများဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်၏ ပြုလုပ်ဆောင်ရွက်မှုများကိုအားပေးခဲ့သူများဖြစ်ကြောင်း၊ Mr. John Willam Yettaw သည် ယခုအမှုဖြစ်ပေါ်ရာတွင် အဓိကဆောင်ရွက်အားပေးသူတစ်ဦးဖြစ်ကြောင်း၊ သို့ဖြစ်၍ကန့်သတ်တားဆီးမိန့်များကိုလိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန်သူ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်သည့်ဥပဒေပုဒ်မ–၂၂အရလည်းကောင်း၊ ဖောက်ဖျက်ကျူးလွန်ခြင်းကိုအားပေးကူညီ ခဲ့ကြသော ဒေါ်ခင်ခင်ဝင်း၊ မဝင်းပပနှင့် Mr. John Willam Yettaw တို့အား ယင်းဥပဒေပုဒ်မ–၂၂/ပြစ်မှုပုဒ်မ–၁၀၉အရလည်းကောင်း တရားစွဲဆိုရခြင်းဖြစ်ကြောင်းထွက်ဆိုသည်။

အင်းယားကန်အတွင်း အဖမ်းခံရသည့်အဖြစ်ကို မည်သူတို့ကစီမံညွှန်ကြားခဲ့ပါသလဲ။ ပြည်ပအစိုးရဆန့်ကျင်အဖွဲ့အစည်းများ၏ပယောဂကြောင့်ဟု ရဲချုပ်မှစွပ်စွဲထားသောကြောင့် ယင်းသို့ Mr.Yettaw အဖမ်းခံရအောင် စီမံပေးခဲ့သောပြည်တွင်းပြည်ပရောက် န.အ.ဖဘက်တော်သားများ၏ နောက်ကွယ်ကကြိုးကိုင်၍ ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်မှုကျူးလွန်သူအဖြစ်ကျရောက်အောင်၊ ထပ်မံချုပ်နှောင်ထားစေနိုင်အောင် လုပ်ကြံစီမံချက်ဖြစ်နေကြောင်း လူအများက ယုံကြည်နေကြပါသည်။

ဒေါ်အောင်ဆန်းစုကြည်က (၂၆–၅–၂၀၀၉)ရက်စွဲဖြင့် ခရိုင်တရားရုံးခုံအဖွဲ့သို့ အပြစ်မရှိကြောင်း ကိုယ်တိုင်ထုချေရေးသားလျှောက်လဲတင်ပြရာ၌ “(၁၀–၁၁–၂၀၀၈)ရက်နေ့ အမည်မသိသေးသောပထမအကြိမ်(Mr.Yettaw) အိမ်ခြံဝင်းအတွင်းသို့ဝင်ရောက်လာခဲ့ခြင်းကိစ္စကို အတူနေသူဒေါ်ခင်ခင်ဝင်းထံမှတဆင့်ကြားသိရ၍ ယင်းအကြောင်းကို ဆေးစစ်ရန်လာခွင့်ရသူ Dr.တင်မျိုးဝင်းမှတဆင့် အာဏာပိုင်များထံသတင်းပို့ခဲ့သော်လည်း စုံစမ်းစစ်ဆေး မေးမြန်းခြင်းမပြုခဲ့သည့်အပြင် အရေးယူဆောင်ရွက်ကြောင်းလည်းမသိခဲ့ရကြောင်း၊ ခြံဝင်းအတွင်းသို့ လူဝင်ရောက်မှုရှိပါက အာဏာပိုင်များထံ ချက်ချင်းသတင်းပို့ရမည်ဟု သတိပေးခဲ့ဖူးခြင်းလည်းမရှိ၊ Mr.Yettaw ဒုတိယအကြိမ် (၄–၅–၂၀၀၉) ရက်နေ့နံနက်ပိုင်းဝင်ရောက်လာသည်ကို တွေ့မြင်သိရှိ၍ပြန်ထွက်သွားရန်ပြောခဲ့ရာ၌ မိုးလင်း၍ ပြန်ထွက်လျှင်အဖမ်းခံရနိုင် သဖြင့် ညရောက်လျှင်ပြန်မည်ပြောခဲ့ပြီး ညရောက်သောအခါကျန်းမာရေးအခြေအနေအရ တစ်ညအိပ်ခွင့်ပေးရန်မေတ္တာရပ်ခံခဲ့ကြောင်း၊ **ယခုအချိန်တွင်များစွာသောကျွန်မ၏လုပ်ဖော်ကိုင်ဘက်၊ ရဲဘော် ရဲဘက်များသည် ဥပဒေ၏ကာကွယ်မှုနှင့် သက်ညှာမှုတို့ကိုမခံစားရဘဲ နှစ်ရှည်ထောင်ဒဏ်များကျခံနေရပါသည်။ ထို့ကြောင့်ကျွန်မအနေဖြင့် မည်သူကိုမျှအဖမ်းအဆီး၊ အချုပ်အနှောင်ခံရစေရန် ကျွန်မတွန်းမပို့နိုင်ဟူသော နိုင်ငံရေးခံယူချက်အရ ခေတ္တခိုလှုံခွင့်ပေးခဲ့ခြင်းသာဖြစ်ပါသည်။** လစဉ်ဆေးစစ်ရန်(၇–၅–၂၀၀၉)ရက်နေ့တွင် Dr.တင်မျိုးဝင်းရောက်လာပါက ယင်းသို့ကျူးကျော်ဝင်ရောက်မှုကိစ္စကိုတင်ပြရန်ရည်ရွယ်ထားပါသော်လည်း ထိုနေ့က Dr.တင်မျိုးဝင်းလာခွင့်မရတော့ဘဲ ရဲတပ်ဖွဲ့ဝင်များသာ ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်မအပေါ်စွဲဆိုထားသည့် နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ–၂၂အရ တားဆီးမိန့်၊ ကန့်သတ်မိန့်များချိုးဖောက်သည်ဟု စွပ်စွဲထားမှုနှင့်ပတ်သက်၍ တရားလိုပြသက်သေများ၏ထွက်ဆိုချက်များအရ ဖောက်ဖျက်ခြင်းမရှိကြောင်းထင်ရှားနေပါသည်။ ၁၉၇၄ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားတစ်ဦး၏မူလအခွင့်အရေးကန့်သတ်မှုပုဒ်မဖြစ်၍ ၁၉၈၈ခုအာဏာသိမ်းသည့်နေ့မှစ၍ အာဏာတည်ခြင်းမရှိတော့သည့်ပုဒ်မများအရ ကန့်သတ်မိန့်တို့မှာလည်းတရားဝင်မှုမရှိပါ။ ယခုအမှုအရင်းခံအကြောင်းအရင်းများမှာ လုံခြုံရေးလစ်ဟင်းမှု (သို့မဟုတ်) လုံခြုံရေးဖောက်ဖျက်မှုဖြစ်သော်လည်း ယခုအချိန်အထိ လုံခြုံရေးဆိုင်ရာတာဝန်ရှိမှုအတွက်အရေးယူခြင်းမရှိပဲ ကျွန်မကိုသာအရေးယူတရားစွဲဆိုခြင်းမှာလည်း ဘက်လိုက်ဆောင်ရွက်ခြင်းဖြစ်ပါသည်”ဟုဖော်ပြခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းပပတို့ဘက်မှလိုက်ပါဆောင်ရွက်သောရှေ့နေများက တရားလိုကို ပြန်လှန်စစ်မေးမှုတွင် “၁၉၇၄ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသောပြဋ္ဌာန်းဥပဒေဖြစ်၍ နိုင်ငံတော်

ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဌကိုယ်တိုင် (၄၆)နှစ်မြောက်တော်လှန်ရေးနေ့(၂၇-၃-၁၉၉၃)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိတော့ကြောင်း မိန့်ခွန်းပြောကြားထားတာရှိသည်ကိုသိသလားဟု မေးမြန်းရာ၌ တရားလိုမှမသိရှိပါဟုဖြေဆိုပြီး န.ဝ.တ၏ (၂၄-၉-၁၉၈၈) ရက်စွဲပါကြေငြာချက်အမှတ်၆/၈၈အရ အာဏာအရပ်ရပ်ကိုတာဝန်ယူခဲ့သည့် (၁၈-၉-၁၉၈၈)ရက်နေ့တွင် တည်ဆဲဥပဒေအားလုံးကိုရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းမရှိသရွေ့အတည်ဖြစ်သည်ဆိုသောကြောင့် ၁၉၇၄ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ တည်ရှိနေကြောင်းသာဖြေပါသည်။ ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း န.အ.ဖမှ အတည်ပြုထားပြန်သဖြင့် မြန်မာနိုင်ငံတွင်ဖွဲ့စည်းအုပ်ချုပ်ပုံနှစ်ခုဖြစ်နေတာလားဟုမေးမြန်းချက်ကို တရားသူကြီးက အလှမ်း ကွာဝေးသည့်အတွက် ယခုအမှုနှင့်မဆိုင်၍ မေးမြန်းခွင့်မပြုကြောင်းအမိန့်ချမှတ်ခဲ့ပါသည်။ စစ်ဆေးလျှက်ရှိသောတရားရုံး တရားသူကြီးများသည် အုပ်ချုပ်ရေးအာဏာပိုင်၏အလိုကျ ဘက်လိုက်စစ်ဆေးနေသောတရားစီရင်ရေးချိန်ခွင်ယိမ်းယိုင်မှုပင် ဖြစ်ပါသည်။

ဥပဒေအရကန့်သတ်တားဆီးမိန့်များကိုဖောက်ဖျက်ကျူးလွန်ခြင်း၊ အားပေးကူညီခြင်းတို့ဖြင့် ဒေါ်အောင်ဆန်းစုကြည်ပါ-၄ဦးတို့အပေါ် စွပ်စွဲတရားစွဲနေချိန်မှာပင် (၂၅-၆-၂၀၀၉)ရက်နေ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက သတင်းစာရှင်းလင်းပွဲ၌ ယခုကဲ့သို့ Mr.John William Yettaw ဝင်ရောက်လာမှုကိုလုံခြုံရေးဆိုင်ရာတို့အား ချက်ချင်းအသိပေးအကြောင်းကြားခြင်းမရှိ၊ ပူးပေါင်းဆောင်ရွက်ခြင်းမရှိမှုတို့ကြောင့်ဖြစ်ရကြောင်းရှင်းပြပါသည်။ လုံခြုံရေးပျက်ကွက်မှုကိုဝန်မခံပဲ Mr.Yettaw၏ပထမအကြိမ်ဝင်/ထွက်ရာလမ်းကြောင်းရှင်းလင်း၍ လွတ်မြောက်သွားခဲ့ခြင်း၊ ဒုတိယအကြိမ်တွင်လည်း ပထမအကြိမ်ဝင်ခဲ့သောလမ်းကြောင်းအတိုင်းဝင်ခဲ့ပြီးပြန်အထွက်၌ အချိန်(၅)နာခန့်ကြာအင်းယားကန်မှ ရေကူးသွားရသောလမ်းကြောင်းအသစ်ကိုရွေးချယ်လျှက် ဖမ်းဆီးခံရမှုပေါ်ပေါက်လာစေခြင်းဖြင့် ယခုကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်အပေါ် ရုံးတင်တရားစွဲဆိုပြီးပြစ်ဒဏ်စီရင်နိုင်ရန် ဆောင်ရွက်မှုဖြစ်ပါသည်။

## သုံးသပ်ချက်

ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံအထက်ပိုင်းသို့နိုင်ငံရေးစည်းရုံးရေးခရီးထွက်ခဲ့ရာ၌ လူထုထောက်ခံမှုများတိုး၍ရရှိနေသည့်အတွက် န.အ.ဖအစိုးရအနေဖြင့် စိုးရိမ်တုန်လှုပ်မှုရှိလာသည်။ ထို့ကြောင့်အစိုးရအာဏာပိုင်များကြိုးကြပ်စီစဉ်သော (၃၀-၅-၂၀၀၃)ရက်နေ့ ဒီပဲယင်းအရေးအခင်းတွင် ဒေါ်အောင်ဆန်းစုကြည်ကိုလုပ်ကြံသတ်ဖြတ်ရန်စီစဉ်ထားခဲ့ခြင်းမှ လက်မတင်လွတ်မြောက်လာနိုင်ခဲ့သော်လည်း (၃၁-၅-၂၀၀၃)ရက်နေ့တွင် အာဏာပိုင်တို့က ဖမ်းဆီးချုပ်နှောင်လိုက်ပါသည်။ ထို့ကြောင့်ယခုအမှုသည်နိုင်ငံရေးအရလုပ်ကြံသော နိုင်ငံရေးအမှုဟု ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကခံယူ၍ သဘောထားမှတ်ချက်ပေးပါသည်။

န.အ.ဖအစိုးရသည် တရားစီရင်ရေးကိုကျင့်သုံးရာတွင် သူ့စစ်ဖိနပ်ကြိုးချည်နှောင်ပေးနေရသော အဖွဲ့အစည်းတစ်ခုကဲ့သို့ သဘောထားသည်။ နိုင်ငံရေးနှင့်ပတ်သက်သောအမှု (သို့မဟုတ်) ရဲသတင်းတပ်ဖွဲ့မှတရားစွဲဆိုသောအမှုတိုင်း၌ မူလတရားရုံးများသည်မိမိသဘောဖြင့်ဆုံးဖြတ်ခြင်းမပြုရဘဲ အထက်သို့တင်ပြ၍ အမြင့်ဆုံးပြစ်ဒဏ်များချမှတ်ပေးရန် ညွှန်ကြားထားပါသည်။ ပြစ်မှုပုဒ်မနှစ်ခုသုံးခုဖြင့် ပုဂ္ဂိုလ်တစ်ဦးတည်းအပေါ်တွဲစွဲထားသောအမှုများတွင်လည်း ပြစ်ဒဏ်ကိုတပေါင်းတည်းပေးနိုင်ပါလျှက် သီးခြားစီအပြစ်ပေးရမည်ဟုမှာကြားထားပါသည်။

မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှု(Rule of law) ဆိတ်သုန်းခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပါ၍ ယခုအမှုတွင်လည်း ဒေါ်အောင်ဆန်းစုကြည်သည် ပြဋ္ဌါန်းဥပဒေကိုမည်သို့ပင်ခိုင်မာသော ခုခံဖြေရှင်းချက်ပေးနိုင်လင့်ကစား ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်မှာမလွဲပါ။ လာမည့်မြန်မာနိုင်ငံ ၂၀၁၀ခုနှစ်ရွေးကောက်ပွဲ၌ ဒေါ်အောင်ဆန်းစုကြည်ကိုပါဝင်ခွင့်မရအောင် န.အ.ဖမှ စီမံချက်ချထားပြီးဖြစ်ပါသတည်း။

၂၀၀၉ခုနှစ်၊ ဇူလိုင်လ၊ (၁၈)ရက်။

**ပြည်တွင်းမှရှေ့နေတစ်ဦး**